ဒေးဒလူကျေးရွာအုပ်စု၊ ဖျာပုံမြို့နယ်

ရောဝတီတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ချောင်းဝကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဖျာပုံမြို့နယ်၏အကူအညီဖြင့်ရေးဆွဲပါသည်။)

အောက်တိုဘာ လ၊ ၂၀၁၈

မာတိကာ

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) **အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) – ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

နောက်ဆက်တွဲ (၂) – ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု (၄၈)ဇယားများ

၁။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ ၊ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

ဧရာဝတီတိုင်းဒေသကြီး၊ဖျာပုံခရိုင်၊ဖျာပုံမြို့နယ်၊ ဒေးဒလူကျေးရွာအုပ်စု၏ကျုံပျော်ချောင်းဘေးတွင် တည်ရှိပြီးဒေးဒလူကျေးရွာအုပ်စု အုပ်ချုပ်ရေးရုံးစိုက်ရာကျေးရွာဖြစ်ပါသည်။ ဖျာပုံမြို့ တောင်ဘက်တွင် တည်ရှိပြီးမိုင်(၂၀)ဝန်းကျင်ခန့်ဝေးကွာပါသည်။မြစ်ဝကျွန်းပေါ်၊ပင်လယ်ကမ်းရိုးတန်းနှင့်နီးသဖြင့်ကျွန်းပတ် တာအတွင်း စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်နိုင်ပါသည်။ပင်လယ်ကမ်းရိုးတန်းနှင့်နီးသဖြင့် အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ ကမ်းနီး/ကမ်းဝေး ငါးဖမ်းလုပ်ငန်းနှင့်စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။

ဒေသ၏တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မမှာ (၆၀)အောက်ရှိပါသည်။ မိုးစပါးကိုသာ အဓိကထား လုပ်ကိုင်ပါသည်။ကျေးရွာ၏ အရှေ့ဘက်(၂)မိုင်ခန့်တွင် ပင်လယ်ရှိသဖြင့် ငါးပိ၊ငါးခြောက်၊ရေထွက်ပစ္စည်း ပို့ကုန်/ထုတ်ကုန်အဖြစ် ရေလုပ်ငန်းကိုသာ အဓိကထား သက်မွေးဝမ်းကျောင်း လုပ်ရန်တို့အတွက် အဓိက အားထားရာ ဖြစ်ပါသည်။

(ခ) သဘာဝအရင်းအမြစ်

ကျေးရွာသည် လယ်ယာမြေဦးရေအနည်းအကျဉ်းသာလုပ်ကိုင်ပြီး စိုက်ပျိုးချိန် မိုးရာသီမှသာ လုပ်ငန်းကိုလွယ်ကူစွာ ဆောင်ရွက်ရပါသည်။ကျေးရွာတွင် လယ်ယာမြေများစွာ မြေဆီအသင့်အတင့် ကောင်းမွန်သည်။မိုးစပါးစိုက်ဧက(၂၅၀)ခန့်ရှိပြီး တစ်သီးစားစိုက်ပျိုးနည်းကို အသုံးပြုပါသည်။အခြား သဘာဝတွင်းထွက် သယံဇာတများ မထွက်ရှိပါ။သဘာဝတိရစ္ဆာန်မျိုးစိတ်များလည်း အလွန်ရှားပါးသွားပြီ ဖြစ်ပါသည်။ကျေးရွာမှ ပြည်သူလူထုမှ သဘာဝပင်လယ်ကိုသာ အမှီပြုအားထားရပါသည်။

၂။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

အိမ်ထောင်စုပေါင်း(၁၀၀၀)စုနှင့် ကျား (၂၀၄၇)၊မ(၂၁၈၈)ဦးဖြင့် လူဦးရေပေါင်း(၄၂၃၅)ဦးရှိကာ တစ်အိမ်ထောင်လျှင်ပျမ်းမျှ(၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း(၅)ဦးထက်လျော့နည်းသည်။ ကျေးရွာတွင် ဗမာလူမျိုးများ နေထိုင်ပြီး အလုပ်လုပ်နိုင်သည့်အရွယ်သည် ကျေးရွာ၏ လူဦးရေအားလုံး၏ (%)နှုန်းရှိပြီး အမျိုးသမီးဦးရေ( ) ၊ အမျိုးသားဦးရေ( )

မှတ်ချက်။ ။ အမျိုးသမီးဦးရေများပါက အမျိုးသမီးများလုပ်ကိုင်နိုင်သည့် အလုပ်များကို ထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များကို ဖန်တီးပေးနိုင်ပါက လူ့စွမ်းအား အရင်းအမြစ်ကို ထိရောက်စွာအသုံးပြုနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမိုထိရောက် အထောက်အကူပြုစေနိုင်ပါသည်။

(ခ) စီးပွားရေးအခြေအနေ ဝင်ငွေပိုင်ဆိုင်မှု မမျှတမှုအဓိက ဝင်ငွေလုပ်ငန်းသည် ရေလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ ကောင်းမွန်ပါသည်။ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ (၅၀%)သည် ဆင်းရဲနှင့်အလွန်အိမ်ထောင်စုအဖြစ် ခံယူကြပြီး (၂၅%)သည် ချမ်းသာအဆင့်၊ (၂၅%)သည် အလတ်အလက်အဆင့်ရှိကြသည်ဟု သတ်မှတ်ကြပါသည်။ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊လက်လှမ်းမှီမှု လယ်ယာသုံးစက်ကိရိယာများပိုင်ဆိုင်မှုနှင့် မိုးစပါးအချိန်မှီ စိုက်ပျိုးနိုင်မှုတို့ကြောင့် ကျေးရွာစီးပွားရေးအနေအထားမှာ အသင့်အတင့်ကောင်းသည်ဟု ပြောနိုင်ပါသည်။ချမ်းသာသော လယ်သမား အိမ်ထောင်စုများအပြင် ရေလုပ်ငန်းအကြီးစားလုပ်ကိုင်သော အိမ်ထောင်စုများနှင့် ရေလုပ်ငန်းအသေးစား လုပ်ကိုင်သူများ ကုန်ရောင်း/ဝယ်လုပ်ကိုင်သူများ စျေးဆိုင်ကြီးများအခြား စက်ချုပ်၊ အိမ်တွင်းလုပ်ငန်းများလည်းပါဝင်လုပ်ကိုင်ကြပါသည်။ယင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်မျှပိုင်ဆိုင်သော လယ်သမားများ လက်လုပ်လက်စားဆောက်လုပ်ရေးလုပ်ငန်းခွင်လုပ်သားများနှင့် မြေယာမဲ့ အိမ်ထောင်စုများပါဝင်သည်။ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စုအရေအတွက် (၁၀.၈%)နှုန်းမှ အလွန်ဆင်းရဲအိမ်ထောင်စုအဆင့်ရှိ အိမ်ထောင်စုများဖြစ်သည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအရေအတွက်မှာ(၁၀.၈%)နှုန်းခန့်ရှိသော်လည်း ရာသီအလိုက် ရေလုပ်ငန်းများတွင် အဓိကဝင်ရောက်လုပ်ကိုင်ကြပြီး ဆောက်လုပ်ရေးလုပ်ငန်း လက်လီစျေးရောင်း ၊ ခေါင်းရွက်ဗျပ်ထိုးလုပ်ငန်းများ ပုဇွန်ခြောက်သန့်စင်လုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ကျေးရွာမှ ဆင်းရဲသော အိမ်ထောင်စုများ၏ (၁၀%)ဖြစ်သော (၅၀)ခုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏ (၄၀%)မှာ သူတစ်ပါးထံမှ မချေးမငှားဘဲ သုံးလခန့်နှင့် (၁၀%)ခန့်မှာ (၃)လမှ (၅)လခန့် သူတစ်ပါးထံမှ ချေးငှားစရာမလိုဘဲ နပ်မှန်စားသုံးနိုင်ကြကြောင်း တွေ့ရှိရပါသည်။အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့ရသော အိမ်ထောင်စုများသည် အကြွေးငွေ (၁၀၀၀၀၀/-)ကျပ် မှ (၅၀၀၀၀၀/-) ကျပ်ထိ တင်ရှိနေပါသည်။ချေးငွေ အများစုကို ပုဂ္ဂလိက ငွေချေးလုပ်ငန်းများ NGO အသင်းများမှ ချေးယူရရှိကြသည်။ချေးငွေများကို အသုံးပြုကြပုံမှာစားသုံးရန်အတွက် နှင့် ကျန်းမာရေး၊လူမှုရေးကိစ္စရပ်များအတွက် အဓိကသုံးစွဲကြပြီး ဝင်ငွေရအလုပ်အကိုင်များ ပညာရေးတို့အတွက် ဒုတိယအနေအထားတွင် သုံးစွဲကြသည်။

ကျေးရွာတွင်ထိခိုက်လွယ်သော အိမ်ထောင်စုများမှာ မိသားစုစောင့်ရှောက်မှုနည်းသည့် သက်ကြီးရွယ်အို ( )ဦးတို့ဖြစ်ကြသည်။ထိခိုက်သက်ရောက်မှုအမျိုးအစားတွင် ကျန်းမာရေးကြောင့် တွေ့ရပြီး နိမ့်သည့်အနေအထားများတွင်သာတွေ့ရသည်။ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများအတွက် အုပ်စုအလိုက် ခွဲခြားသတ်မှတ်ရာတွင်လည်း ထိခိုက်သက်ရောက်မှုနိမ့်ကြောင်း တွေ့ရသည်။

(ဃ) ကျန်းမာရေးနှင့်အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမာန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှုရှိကြသည်။ကလေးငယ်အများစုလည်း ကျန်းမာကြသည်။မူလတန်းကျောင်းတွင်းလည်း ကျောင်းသူ

ကျောင်းသားများကို တစ်လတစ်ကြိမ်ခန့်အာဟာရတိုက်ကျွေးမှု ရှိပြီး အမျိုးသမီး၊လူငယ်လူရွယ်၊သက်ကြီးပိုင်း အများစုတို့သည်လည်း တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာရှိ ကျေးလက်ဆေးပေးခန်းမှ ရရှိနိုင်ပြီး ရွာနှင့်(၅)မိုင်ခန့်ကွာဝေးပြီး မိုးရာသီတွင် ရေလမ်းနွေရာသီတွင် ကားလမ်းဖြင့် အလွယ်တကူ သွားလာနိုင်သော တိုက်နယ်ဆေးရုံဆေးဆိုင်များနှင့် လက်လှမ်းမှီသည်။ ကျေးရွာတွင် စက်ရေတွင်းမှ မြေအောက်ရေကို အလွယ်တကူရရှိနိုင်ပြီး ကန်ရေကို အဓိကထားသောက်သုံးရပါသည်။ဝမ်းပျက်/ဝမ်းလျော၊တိုက်ဖွိုက်၊အစာအိမ်ရောင် စသော ရောဂါဖြစ်ပွားမှုများ နည်းပါးကြောင်း တွေ့ရပါသည်။

(c) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်မြင့်မားကြောင်း တွေ့ရှိရပါသည်။ ရွာသားအများစုသည် အခြေခံအရေး၊အဖက်အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက်မှာ (၉)နှစ်အထက် လူဦးရေ၏ (၄%)ကျော်ဖြင့် အသင့်အတင့်များပြားသည့် ကျေးရွာတွင် အခြေခံပညာရေးကို ရွာလယ်ရှိ မူလတန်း၊အလယ်တန်း၊အထက်တန်း ပညာ မိမိတို့ရွာတွင် အလွယ်တကူပညာသင်ကြားနိုင်သည်။ သို့သော် သက်မွေးဝမ်းကျောင်းလုပ်ငန်းများဆိုင်ရာ ကျွမ်းကျင်မှုများမှာ အနည်းအကျဉ်းသာလုပ်ကိုင်နိုင်ပြီး လူငယ်လူရွယ်များအတွက် ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင် အခွင့်အလမ်းများသည်လည်း နည်းပါးဆဲဖြစ်သည်။

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

ကျေးရွာတွင် ကျားမဆိုင်ရာ ဆက်နွယ်မှုအနေအထားများလွတ်လပ်တက်ကြွမှုရှိသည်။ ကျားမဆိုင်ရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြသည်။ ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊အမျိုးသမီးများသည် သာမာန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးကူညီစွာ ရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်း၊အလယ်တန်းနှင့် အထက်တန်းများကို ကျားမအရေအတွက်မှာ အလွန်ကွာခြားမှုမရှိသဖြင့် အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့်အတူတူပင်ဖြစ်သည်။ သို့ရာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်မှု တူညီသော်လည်းအမျိုးသမီးများအသည် အမျိုးသားများထက် လုပ်အားလျော့နည်းပြီးရကြသည်။အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးများ ပါဝင်မှုတို့မှာ အလွန်လျော့နည်းလျက်ရှိသော်လည်း အခြားလူမှုရေးအသင်းအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုအသင့်

အတင့်ရှိကြသည်။ကျားမ ညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများကို မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား/မတန်းတူညီမျှမှု ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးအဖွဲ့အစည်း(၄)ဖွဲ့ ယဉ်ကျေးမှုဆိုင်ရာ (၁)ဖွဲ့နှင့် စီးပွားရေးဆိုင်ရာ(၃)ဖွဲ့တို့ရှိသည်။ယင်းအဖွဲ့အစည်းများအနက် မြို့နယ်မှ ဖွဲ့စည်းပေးသော လူမှုရေးဆိုင်ရာအဖွဲ့ဖြစ်သည့် အမျိုးသမီးရေးရာအဖွဲ့မှာ ကျန်းမာရေးဆိုင်ရာ သင်တန်းများတက်ရောက်ခြင်း၊ပြန်လည်ဆွေးနွေးမျှဝေခြင်းဖြင့် လှုပ်ရှားဆောင်ရွက်မှုများရှိလာသည်။ လူမှုရေးအဖွဲ့တွင်မှ ကျေးရွာ၏ လူမှုရေး ၊ သာရေး၊နာရေး ကိစ္စများအတွက် ဈေးဝယ်ရေး၊ချက်ပြုတ်ရေး ၊ ကျွေးမွေးရေးစသော လုပ်ငန်းအမျိုးအစားအလိုက် တာဝန်ခွဲဝေဆောင်ရွက်မှုများကောင်းသည်။အနန္တ မေတ္တာပရဟိတ လူမှုကူညီရေးအသင်းကိုလည်း ကျေးရွာမှ လူကြီးအချို့ဦးဆောင်ပြီး လူငယ်လူရွယ်များပါဝင်ပါဝင်ဖွဲ့စည်းထားကာ ကျန်းမာရေးနှင့် အခြားလူမှုရေးကိစ္စရပ်များကို ဆောင်ရွက်လျှက်ရှိသည်။

ကျေးရွာတွင် စီးပွားရေးအခြေခံအသင်းအဖွဲ့များအဖြစ် Pact Myanmar အသေးစား ငွေရေးကြေးရေးဂန်ဆောင်မှုလုပ်ငန်းရှိပြီး ကျေးရွာသားအများစုမှာ ကျေးရွာတွင်းအသင်းအဖွဲ့များတွင် ပါဝင်ဆောင်ရွက်လျှက်ရှိကြသည်။

ကျေးရွာတွင် ယခုအခါ တစ်နိုင်တစ်ပိုင် မိမိတို့အိမ်အသုံးပြုရန်အတွက် ဒီဇယ်အင်ဂျင်နှင့် လျှပ်စစ်ကို အသုံးပြုခြင်း၊ဆိုလာစနစ်ဖြင့် လျှပ်စစ်အသုံးပြုခြင်းတို့ကြောင့် ထွက်ငွေ ပိုမိုသုံးစွဲနေရပါသည်။ကျေးရွာမှ ပြည်သူလူထုများမှ မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးကို ရရှိရန် မျှော်မှန်းကြပါသည်။ကျေးရွာတွင် အဖွဲ့အစည်းစီမံခန့်ခွဲမှုအပိုင်းတွင် အစဉ်အလာကောင်းများရှိသဖြင့် ကျေးရွာရှိအဆိုပါ အဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု၊အဖွဲ့အစည်းဆိုင်ရာသဘောတရားတို့နှင့် ပါတ်သက်၍ ယေဘုယျအားဖြင့် အားနည်းကြပြီး အဖွဲ့အစည်းများစွမ်းဆောင်ရေးသင်တန်းများ ရရှိပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

(ခ) သီးနှံသားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါးကို တစ်စိတ်တစ်ပိုင်း လုပ်ကိုင်ပြီး မိုးစပါးစိုက်ဧက( )ရှိပြီး မိုးစပါးတစ်ဧကပျမ်းမျှအထွက်မှု (၅၅)တင်းနှုန်းထွက်ရှိပြီး စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများပေးကြသည်။တစ်ချို့တစ်ဝက်မှာဈေးရောင်း၊ကုန်ရောင်း/ဝယ်ခြင်းတို့နှင့် အခြားကိုယ်ပိုင်စက်တပ်ယာဉ်များပြေးဆွဲခြင်း၊ဆိုင်ကယ်၊ကယ်ရီလိုက်ခြင်းတို့ဖြင့် နေထိုင်ကြပါသည်။

ကျေးရွာတွင် လက်ရှိလက်သမားများမှာ ကိုယ်ပိုင်လယ်ထွန်စက်များ ၊ ရိတ်သိမ်းစက်များရှိကြသည်။ကျေးရွာတွင် ဝက်မွေးသူအိမ်ထောင်စုမှာ တစ်ရွာလုံး၏ (၁၀%)နှုန်းဝန်းကျင်သာရှိပြီး ဒေသမှ ဝက်မျိုးများကို တစ်အိမ်လျှင် (၁)ကောင်(၂)ကောင်သာမွေးမြူကြသည်။ရာသီအလိုက် ဖြစ်ပွားတတ်သော တိရစ္ဆာန်ရောဂါများရံဖန်ရံခါကျရောက်တတ်သည်။ ကျေးရွာတွင် ကြက်မွေးမြူခြင်း၊ငါးမွေးမြူခြင်း၊ ရေမြေနေရာအဆင်မပြေသဖြင့် မွေးမြူရေးလုပ်ငန်းများ မရှိပါ။

(ဂ) စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းမရှိပါ။အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ် ၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ ၊စျေးလက်လီ၊လက်ကား၊ရောင်းချခြင်း၊ခေါင်းရွက်ဗျက်ထိုးအစိုးရဝန်ထမ်းလုပ်ငန်းတို့ဖြစ်သည်။အခြားလုပ်ငန်းအများစုမှာရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့်အနေအထားတွင်ရှိသည်။တစ်ချို့ကျပန်းအလုပ်သမားအချို့သည် လခစားအလုပ်အနေဖြင့် ရေလုပ်ငန်းရှင်များထံတွင် ပင်လယ် သို့မဟုတ် ကုန်းပေါ်လုပ်သားအဖြစ် အလုပ်လုပ်ကြသည်။ လုပ်သက်နှင့် ပညာအရည်အချင်းအလိုက် (၈၀၀၀/)ကျပ်မှ (၁၆၀၀၀၀/)ကျပ်အထိ ရရှိကြသည်။

ပန်းရံလက်သမားများ၏ ဆရာအဆင့်လုပ်အားခမှာ တစ်နေ့(၁၅၀၀၀/)ကျပ် ရနိုင်ကြသည်။ကျေးရွာတွင် ရေလုပ်ငန်းကို အဓိကလုပ်ကိုင်ပြီး ကျေးရွာမှ အလုပ်သမားများအတွက် အလုပ်အကိုင်အသင့်အတင့် ပေါများပါသည်။စပါးရိတ်သိမ်းချိန်များတွင် ဧကအလိုက် သတ်မှတ်ကြပြီး စပါး(၁)ဧက ရိတ်သိမ်းခ (၄၀၀၀၀/)ကျပ်မှ (၄၅၀၀၀/)ကျပ်အထိ ရှိကာ စပါးရိတ်အလုပ်သမားရှားပါးမှုကြောင့် ယခုအခါ စပါးရိတ်စက်ကိုသာ ငှားရမ်းအသုံးပြုရပါသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများပြားပြီး လူ့အရင်းအမြစ်အလားအလာကောင်းတစ်ရပ်ဖြစ်သည်။ကျေးရွာတွင် အသက်မွေးဝမ်းကျောင်းပညာအဖြစ် စက်ချုပ်လုပ်ငန်း၊သင်တန်းအချို့ကို ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများရှိသည်။ထိုမှတဖန် မုန့်လုပ်နည်း၊မော်တော်ဆိုင်ကယ်ပြင် ၊ မိုဘိုင်းဖုန်းပြင် ၊ ကားမောင်း၊ဝပ်လျော့ စသည့် သက်မွေးဝမ်းကျောင်း ပညာများသင်ယူရရှိနိုင်သည်။

(ဃ) ဘဘာဝပတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် စပါးစိုက်ခင်းများတွင် ရံဖန်ရံခါ ဖျက်ပိုးများကျရောက်သဖြင့် ပိုးသတ်ဆေး နှင့် ဓါတုမြေဩဇာသုံးစွဲမှုများပြားသင့်သည်။ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစား ၊ဓါတုပိုးသတ်ဆေးများကို သာအသုံးပြုမှုများပြားသည်။စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အပ်ခွံ ၊ ပုလင်းခွံ၊ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။ဤကျေးရွာမှာ မြေအနေအထားအသင့်အတင့် မြင့်နေသောကြောင့် ရေကြီးရေလွှမ်းမိုးခြင်းမှ ကင်းဝေးသည်။ပင်လယ်ကမ်းရိုးတန်းနှင့်နီးသဖြင့် မုန်တိုင်းဘေးအန္တရာယ်တို့တစ်နှစ်ကို တစ်ကြိမ် နှစ်ကြိမ်

တွေ့ကြုံခံစားရသည်။ အခါအားလျော်စွာ ကျရောက်တတ်သော မိုးကြီးခြင်းအား သဘာဝအန္တရာယ်တစ်ရပ် အနေဖြင့် ရှိနေဆဲဖြစ်ပါသည်။

(c) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှ လယ်လုပ်ကိုင်သော တောင်သူများသည် မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ် ချေးသော ချေးငွေကို တစ်လအတိုးနှုန်း (၇၀)ပြားတိုး တစ်ဧကတစ်သိန်းခွဲကျပ်နှုန်းဖြင့် အများဆုံး ဆယ်ဧကအတွက် ချေးယူနိုင်သည်။

အခြားငွေကြေးဆိုင်ရာ ငွေစုငွေချေးအဖွဲ့များမှ ရေလုပ်ငန်းများအားချေးယူပေးခြင်းမရှိပါ။ အသေးစားငွေချေးလုပ်ငန်းအဖြစ် ငွေစုငွေချေးလုပ်ငန်းမှ ဆင်းရဲသော အိမ်ထောင်စုများမှ အများစုချေးယူ ကြပါသည်။ကျေးရွာသားအများစုသည် ချေးငွေကို အဓိကအားဖြင့် ရိက္ခာ၊ဝင်ငွေရလုပ်ငန်း ကျန်းမာရေး ဆိုင်ရာ ကိစ္စရပ်များအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက်များပြားကြောင်း တွေ့ရှိရပါ သည်။ ဆင်းရဲအလွန်ဆင်းရဲ အိမ်ထောင်စုများ၏ အကြွေးတင်ရှိမှုကို လေ့လာဆန်းစစ်ချက်အရ အကြွေးငွေ ပမာဏသည် ကျပ်တစ်သိန်းမှ ငါးသိန်းအထိ ရှိကြောင်း တွေ့ရသည်။

(စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းပညာကို ဖ၀×၃၀ အရွယ်ရှိ သွပ်မိုးအုတ်ထရံကာ နှင့် အင်္ကတေအခင်း ကျောင်းဆောင် (၃)လုံးနှင့် သင်ကြားပေးသည်။အလယ်တန်းကို ဖ၀×ဖ၀ပတ်လည်ရှိ ရုယ်တာ School တွင် သင်ကြားပြီး အထက်တန်းအား ၁၂၀×၃၀ ပေရှိ ကျောင်းဆောင်တွင် သင်ကြားပြီး ကျောင်းဆောင်အတွင်း တွင် ဆရာ၊ဆရာမ၊ရုံးခန်းဖွင့်ထားသဖြင့် ကျောင်းသားများအတွက် စာသင်ခန်းလုံလောက်မှုရှိစေရန် ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ရန် လိုလားနေကြပါသည်။ ရွာသားအားလုံး၏ (၉၅%)မှာ ရေး တတ်ဖတ်တတ်ကြပြီး မူလတန်းအောင်ချက်မှာ ရာခိုင်နှုန်းလည်းမြင့်မားသည်။ ယခုနှစ်ကျောင်းအပ်နှံသည့် နှုန်းထားသည် ကျေးရွာရှိ မူလတန်းအရွယ်ရှိ လူပိုနေကြောင်း တွေ့ရှိရကာ ကျောင်းတွင် ပရိဘောဂ

လုံလောက်ပြီး မူလတန်းပြဆရာမ ( )ဦးရှိပြီး အလယ်တန်းပြဆရာ/မ ( )ရှိကာ အထက်တန်းပြဆရာ/ ဆရာမ( )ဦးရှိသဖြင့် ကျောင်း ဆရာ/ဆရာမအင်အားလုံလောက်မှုမရှိပါ။ နှစ်စဉ်ကျောင်းဖွင့်ရာသီ မူလတန်းမှစ၍ အထက်တန်းကျောင်းများအထိ ကျောင်းသားများအတွက် ပြဋ္ဌာန်းစာအုပ်များနှင့်လေ့ကျင့် ခန်းစာအုပ်များကို အခမဲ့ပံ့ပိုးပေးခဲ့ပါသည်။

ရွာသူ/ရွာသားများအတွက် ကျန်းမာရေးဝန်ဆောင်မှုတို့ကို ကျေးရွာရှိ ကျေးလက်ဆေးပေး ခန်း၊ကျုံကဒွန်းရှိ တိုက်နယ်ဆေးရုံနှင့် (၅)မိုင်ခန့်ဝေးသည်။ မိုးရာသီ၊ရေလမ်းနွေရာသီကားလမ်းခရီးဖြင့် အလွယ်တကူသွားရောက်ကာ ကုသနိုင်ကြသည်။ထိုမှတဖန် ဖျာပုံမြို့သို့လည်း လိုအပ်သောဆေးဝါးများကို သွားရောက်ဝယ်ယူနိုင်ပါသည်။ကျေးရွာအတွက် အရေးပေါ်လိုအပ်ချက်ရှိပါက အဆင်ပြေစေနိုင်ရန် ကျေးလက်ဆေးပေးခန်းတစ်ခုရှိပါသည်။သောက်ရေအတွက် ရွာရှိ သောက်ရေကန်ကိုသုံးစွဲပြီး လိုအပ်ပါက ရေလမ်းခရီးမှ လာရောက်ရောင်းချသော စက်လှေများမှ ဝယ်ယူရရှိနိုင်သည်။ချမ်းသာသော အိမ်ထောင်စုမှ

အိမ်သာကျင်းကို အုတ်နှင့်ဆောက်လုပ်ကြပြီး အလယ်အလတ်နှင့်ဆင်းရဲသော အိမ်ထောင်စုများမှ ဝါးထရံ ပတ်၍ ဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင်း ဆက်စပ်ဖြစ်သော ရောဂါဖြစ်ပွားမှုများနည်းပါးသည်။ စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာမှ စနစ်တကျဆောက်လုပ်ထားပြီး ကျောင်းသူ/သားများအတွက် အသုံးပြုရန်လွယ်ကူသည်။

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူရန်အတွက် သီးသန့်မရှိသော်လည်း လက်ဖက်ရည်ဆိုင်၊ ဘိလိယက်ခုံ၊ပိုက်ကျော်ခြင်းဝိုင်းများရှိသည်။သူတို့သည် ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်လှုပ်ရှားကြပြီး ဘာသာရေးပွဲတော်များတွင်လည်း ရိုးရာအကများနှင့် တင်ဆက်ပါဝင်ကြသည်။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လမ်းခင်းခြင်းလုပ်ငန်းများတွင်လည်း ပူးပေါင်းပါဝင်မှုများရှိသည်။

(ဇ) အခြေခံအဆောက်အဦး လမ်းတံတား လျှပ်စစ်စွမ်းအားသတင်းနှင့်ဆက်သွယ်ရေး

၂၀၁၂ခုနှစ်မှစ၍ ကျေးရွာတွင်း လမ်းအား ကွန်ကရစ်လမ်းအဖြစ် ကိုယ်ထူကိုယ်ထခင်းအကောင်အထည်ဖော်လျက်ရှိသည်။ကျေးရွာ၏ (၄)ချို့း(၃)ချို့းအထိ ကွန်ကရစ်လမ်းခင်းပြီး ကျန်ရှိသော ပေ(၈၀၀)ကျော်အား ကူညီထောက်ပံ့ပေးနိုင်စေရန် ကျေးရွာသူ/ကျေးရွာသားများမှ မျှော်လင့်နေကြောင်း မိုးရာသီတွင် ရေလမ်းခရီးတွင် စက်လှေ(၃၀)စီးကို အသုံးပြု၍ နွေရာသီတွင် ဆိုင်ကယ်၊ထွေလာဂျီ၊ကားတို့ကို အသုံးပြုလျှက်ရှိကြသည်။ကျေးရွာတွင် ဒီဇယ်အင်ဂျင်နှင့် ဆိုလာစနစ်ကို ကျေးရွာ၏လူဦးရေတစ်ဝက်ခန့်မှာ သုံးစွဲပြီး ကျန်တစ်ဝက်မှာ ဘက်ထရီမီးကိုသာ အသုံးပြုလျှက်ရှိသည်။ကျေးရွာသူ/သားအများစုမှာ လျှပ်စစ်မီးကိုသာ ရရှိရန် လိုလားကြပါသည်။မိမိတို့ကျေးရွာအနေဖြင့် ဖြတ်လမ်းမှ လျှပ်စစ်မီးရရှိရာ ကျုံကဒွန်းနှင့်ဆိုလျှင် (၃)မိုင်ခန့်ကွာဝေးသော နေရာတွင် တည်ရှိခြင်းတို့ကြောင့် ကိုယ်ထူကိုယ်ထဖြင့် ဆောင်ရွက်ဖို့ရန် ခဲယဉ်းလှပါသည်။ကျေးရွာတွင် မိုဘိုင်းဖုန်း၊လက်ကိုင်ဖုန်း၊ဆက်သွယ်ရေးကို စျေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီ အသုံးပြုနိုင်ကြသည်။အိမ်တိုင်း နီးပါးမျှ လက်ကိုင်ဖုန်းအသုံးပြုနေကြပြီး ဖြစ်သည်။ကျေးရွာတွင် အင်တာနက်အသုံးပြုမှုမှာ အသင့်အတင်ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များ အတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ ကျေးရွာတွင် စာကြည့်တိုက်ရှိသည်။ တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်းနှင့်သတင်းဆက်သွယ်ရေးမှ အတော်အသင့် ကောင်းမွန်းကြောင်း တွေ့ရှိရပါသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။သို့သော် ရွာသားများသည် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကို

အသုံးပြုနိုင်ပြီးလိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။အာမခံစနစ်ကို ချိတ်ဆက်အသုံးပြုနိုင်သော်လည်း ချိတ်ဆက်ဆောင်ရွက်ထားသူမရှိပါ။ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်းမရှိပါ။ ရွာသားများသည် ကုလားထိပ်ကျေးရွာရှိ ရဲစခန်းနှင့်အလွယ်တကူ ချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားခြင်းနည်းပါးသည်။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေများ

ချောင်းဝကျေးရွာသည် ပထဝီအနေအထားအရ ပင်လယ်ကမ်းရိုးတန်းနှင့် နီးကပ်သောဒေသတည်ရှိပြီး ကျုံကဒွန်းနှင့် ဆက်သွယ်ထားသော ရေလမ်းကို မိုးရာသီတွင် စက်လှေနှင့်အလွယ်တကူသွားနိုင်ပြီး နွေရာသီတွင် ကုန်းလမ်းမှကား၊ဆိုင်ကယ်တို့ဖြင့် ဆက်သွယ်ရေးကားလမ်းသို့ကမ်းပတ်တာမှ သွားလာနိုင်သည်။ချောင်းဝကျေးရွာတွင် ကျေးရွာပိုင်စျေးတန်းရှိပြီး နံနက်ခင်းစျေးလည်စည်ကားစွာ ရောင်းဝယ်လျှက်ရှိသည်။ရွှေထည်ပစ္စည်းမှလွဲပြီး အကုန်ရရှိနိုင်ပါသည်။အရေးပေါ်လုပ်ငန်းခွင်သုံး ပစ္စည်းလိုအပ်ပါက ဖျာပုံမြို့စျေးသို့ သွားရောက်၍ ဝယ်ယူနိုင်သည်။ကျေးရွာတွင် လျှပ်စစ်မီးကို ရရှိရန် လိုအပ်လှပါသည်။ဒီဇယ်အင်ဂျင်နှင့်ဆိုလာမီးသုံးစွဲနေရသဖြင့် ကျောင်းသား/သူများအတွက် စာဖတ်ချိန်အခက်အခဲအနည်းအကျဉ်းတော့ဖြစ်စေသည်။လုပ်ငန်းရှင်များနှင့် ကုန်သွယ်လုပ်ငန်း နှင့် အသင့်အတင့်ရှိနေသော လူနေအိမ်များစွာ အားလပ်ချိန်တွင် ဗဟုသုတ၊ရသနှင့် သတင်းအစုံအလင်အား တီဗွီဖန်သားပြင်မှ ကြည့်ရှုနိုင်ခြင်းစသော လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက် အထောက်အကူပြုနေသည်။လူဦးရေအားလုံး၏ (၇၃%)မှာ အလုပ်လုပ်နိုင်သည့် အရွယ်များ ဖြစ်ကြသည်။ဘွဲ့ရအရေအတွက်အသင့်အတင့်ရှိပြီး ကျွမ်းကျင်မှုနှင့်အသက်မွေးဝမ်းကျောင်းသင်တန်းများကို လူငယ်များအား လေ့ကျင့်သင်ပေးနိုင်ပါက လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်စေပါသည်။ကျေးရွာလူထု၏ ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများသို့လည်း အလွယ်တကူလက်လှမ်းမှီနိုင်ကြသည့် ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသော ဆေးဝါးကုသလိုမှုအတွက်လည်း ကျုံကဒွန်းကျေးရွာ တိုက်နယ်ဆေးရုံ၊ဖျာပုံမြို့နယ်ဆေးရုံများသို့ သွားရောက်ပြီး ဆေးကုသမှုများ ခံယူနိုင်ကြသည်။

ကျေးရွာအတွင်းတွင် ပြင်ပနှင့် ကျေးရွာအတွင်းမှ ဖွဲ့စည်းထားသော လူထုအခြေပြုအဖွဲ့အစည်းများအသင့်အတင့်ရှိပြီး အဖွဲ့အစည်းများ၏ လုပ်ငန်းလည်ပတ်မှုရှိပြီး ပြင်ပပုဂ္ဂလိကငွေချေး

အဖွဲ့နှင့် အစိုးရဌာနများနှင့် အချိတ်အဆက်အားကောင်းမှုရှိပြီး ထိုအထောက်အပံ့များသည် ကျေးရွာအတွက် လယ်ယာလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုနှင့် အခြားအသေးစားလုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ရန် အထောက်အပံ့ကောင်းများ ဖြစ်စေပါသည်။စိုက်ပျိုးရေးဦးစီးဌာနမှလည်း စိုက်ပျိုးရေးနှင့်

ပတ်သက်သော နည်းပညာပေး၍ ဆောင်ရွက်သည့်အတွက် တောင်သူများအတွက် ခေတ်မှီစိုက်ပျိုးနည်းစနစ်များအား အချိန်နှင့်တစ်ပြေးညီ ရရှိစေသည်။သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် ဧရာဝတီမြစ်ဝကျွန်းပေါ်အရပ်ဖြစ်ပြီး မြေဆီဩဇာအသင့်အတင့်ကောင်းမွန်သည်။ လယ်သမားများသည်လည်း လယ်ယာထွက်ကုန်များကို အလွယ်သယ်ယူပို့ဆောင်ပြီးရောင်းချနိုင်သည်။ မိုးစပါးတစ်မျိုးတည်းကိုသာ အဓိကလုပ်ကိုင်စိုက်ပျိုးကြပြီး မိုးရေကောင်းမွန်စွာ ရရှိသဖြင့် ရာသီအလိုက် စိုက်ပျိုးမှုအား လွန်စွာအထောက်အကူဖြစ်စေပါသည်။ချောင်းဝကျေးရွာမှ စိုက်ပျိုးသောစပါးများသည် မျိုးစေ့မှန်ကန်ခြင်းကြောင့် ဈေးကွက်ဝင်ဆန်အဖြစ် အောင်မြင်မှုရရှိပေသည်။ ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်သည်။ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ လူမှုရေးပရဟိတအသင်းအဖွဲ့များရှိပြီး ကျန်းမာရေးနှင့် အခြားလူမှုရေးကိစ္စအဝဝအား ကူညီဆောင်ရွက်မှုများ ပြုလုပ်ပေးကြသည်။အလုပ်အကိုင်အခွင့်အလမ်းနှင့် ပတ်သက်ပြီး ချောင်းဝကျေးရွာရှိ ရေလုပ်ငန်းရှင်ကြီးများထံတွင် ဝင်ရောက်လုပ်ကိုင်နိုင်ကြသည်။

(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု

ကျေးရွာအနေအထားအရ ယေဘုယျအားဖြင့် အဟန့်အတားစိန်ခေါ်မှုအများအပြားမတွေ့ရပေ။သို့သော်ကျေးရွာတွင် အခြေပြုအဖွဲ့အစည်းများရှိပြီး အဖွဲ့များကြားတွင် အားပြိုင်မှုအချို့ရှိနေကြောင်း တွေ့ရှိရပါသည်။ပူးပေါင်းပါဝင်မှုရှိသော်လည်း ခေါင်းဆောင်မှုအပိုင်းနှင့် ညှိနှိုင်းဆောင်ရွက်မှုအပိုင်းတွင် စနစ်တကျမှုအနည်းအငယ်အားနည်းကြောင်း တွေ့ရှိရသည်။

စိုက်ပျိုးမြေတိုးချဲ့နိုင်မှုနှင့် ပတ်သက်ပြီး မြေလွတ်မြေရိုင်းများ ထပ်မံမတိုးချဲ့နိုင်တော့ပဲ လက်ရှိမြေပေါ်တွင် ထုတ်လုပ်မှုတိုးမြှင့်ရန် ဆောင်ရွက်ကြသည်။သီးနှံပိုးမွှားကျရောက်မှုနှင့် ပတ်သက်ပြီး ယခုနှစ်ပိုင်းအတွင်း အနည်းငယ်ကျရောက်လာကြောင်း သိရှိရသည်။ သို့သော် ထိခိုက်ပျက်စီးဆုံးရှုံးမှုအထိ မရှိပေ။

ကျေးရွာတွင် KG မူလတန်းမှ အလယ်တန်း၊အထက်တန်းအထိ ပညာသင်ကြားလျှက်ရှိပြီး စာသင်ကျောင်းဆောင်များမှာ အရည်အသွေးပိုင်းတွင် အားနည်းမှုရှိပေသည်။ကျေးလက်ကျန်းမာရေးဌာနရှိသဖြင့် ခလေးများ ကာကွယ်ဆေးထိုးနှံခြင်းဖြင့် ရောဂါဖြစ်ပွားမှုနှုန်းနည်းပါးသည်။ သို့သော်လည်း ကြီးမားသော ရောဂါဝေဒနာရှင်များအတွက် မြို့နှင့်အလှမ်းဝေးသဖြင့် သွားလာရေးအခက်အခဲတော့ရှိနေဆဲဖြစ်သည်။

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ အဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာ ကာလ အတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(က-၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် စိုက်ပျိုးထုတ်လုပ်မှုမြှင့်တင်ခြင်း၊ရေထွက်ကုန်းပစ္စည်းအရည် အသွေးမြှင့်တင်ခြင်း၊ကျေးရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းများ ပိုမိုမြင့်မားလာအောင်ဖန်တီး ခြင်း ၊ ကျေးရွာဆိပ်ခံတံတားများ တောင့်တင်းခိုင်မာစေရန် ဖန်တီးခြင်း၊အလုပ်အကိုင်များဖန်တီး ခြင်း၊ သက်မွေးပညာသင်တန်းများ ဖန်တီးပေးနိုင်မှသာ သင်တန်းမှ အတွေ့အကြုံဗဟုသုတများမှ တဆင့်ပင်ငွေရှာဖွေပေးနိုင်စွမ်းနှင့် စီးပွားရေးအနေအထားကို တိုးတက်ရရှိစေမည်။

(က-၂) ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးတဆင့် ကလေး ငယ်များ၏ လူသားဆိုင်ရာ စွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ပန်းလာစေရမည်။

(က-၃) ကျွန်ုပ်တို့ရွာလူထုသည် သက်မွေးပမ်းကျောင်းနှင့် စီးပွားရေးအုပ်စုများ ဖွဲ့စည်းပြီး ကျေးရွာ အခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရားတိုး တက်လာရမည်။

(က-၄) ကျွန်ုပ်တို့ရွာလူထုသည် ကျေးလက်ကျန်းမာရေးဆိုင်ရာ ပန်ဆောင်မှုများ တိုးတက်ကောင်း မွန်လာအောင် ဆောင်ရွက်ခြင်းဖြင့် ကျေးရွာသူ/ကျေးရွာသားများ လူနေမှုဘဝတိုးတက်ကောင်းမွန် လာစေရမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

(ခ-၁) ကျေးရွာတွင် အရင်းအနှီးချေးငွေ၊လယ်ယာသုံးစက်ကိရိယာအသုံးပြုနိုင်ရေးနှင့်နည်းပညာ အသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက်ခြင်းနှင့် ရေလုပ်ငန်း/ရေထွက်ကုန်းပစ္စည်းစျေးကွက်ဝင်နိုင် ရန်အတွက် နည်းပညာဖြင့်ပေါင်းစပ်၍ တိုးချဲ့ဆောင်ရွက်သွားမည်။အသေးစားစငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတိုးနှုန်းသက်သာစွာဖြင့် ပိုမိုရရှိစေရန်အတွက် မြို့နယ်ရှိ ဘဏ်များပုဂ္ဂလိကရင်းနှီးငွေ ရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါက စိုက်ပျိုးရေး၊ရေ ထွက်ကုန်ပစ္စည်း ပိုမိုထွက်ရှိနိုင်ရေးအတွက် ခွဲဝေချထားပေးမည်။

(ခ-၂) ကျွန်ုပ်တို့သည် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများတက်ရောက်နိုင်ရန် သင့်တော်သောသင်တန်းသားများကို ရွေးချယ်စီစဉ်ပေးရမည်။ထိုသင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန်အထောက်အကူပြုပေမည်။

(ခ-၃) ကျေးရွာတွင် အထကခွဲမှ အထကကျောင်းအဆင့်မြင့်ရရှိရေးအတွက် ဆောင်ရွက်သွားမည်။ ထိုမှတဖန် စံချိန်မီစာသင်ကျောင်းဆောင်များရရှိရေး ကျောင်းသားများအတွက် အားကစားကွင်းများ

ရရှိရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

(ခ-၄) ကျေးရွာတွင် လမ်းနှင့်ရွာချင်းဆက်လမ်းများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ မြို့နယ်နှင့်ကျေးရွာသွားလာရေးအဆင်ပြေချောမွေ့စာရန်၊ကားလမ်းသို့ဆက်သွယ်ဖြတ်လမ်းရရှိရန်၊အစွမ်းကုန်ဆောင်ရွက်သွားမည်။ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော် စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်။

(ခ-၅) ကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်းရှိသဖြင့် ကျန်းမာရေးဝန်ထမ်းများအား ကူညီစောင့်ရှောက်ဆောင်ရွက်ခြင်းဖြင့် ကျေးရွာနေ ပြည်သူများ ကျန်းမာပျော်ရွှင်သော မိသားစုဘဝများကို ပိုင်ဆိုင်လာနိုင်ပေမည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များရရှိအောင်လည်း လုပ်ဆောင်သွားမည်ဖြစ်သည်။ ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ်ကျသော ချိတ်ဆက်မှုအစိုးရ၏ မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့် ထိုမှတဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်အထိ ပံ့ပိုးပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များမှသည် အလွန်အရေးပါပါသည်။အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ကျွန်တော်တို့ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စီစစ်သွားနိုင်ပါမည်။အရေးကြီးသည့်အချက်မှ ဦးစားပေးစီမံချက်နှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

(ခ) စံချိန်မှီစာသင်ကျောင်းဆောင်နှင့် ကျန်းမာရေးဆေးပေးဌာနဆောက်လုပ်ခြင်း

ကျေးရွာစာသင်ကျောင်းဆောင်များသည် ကျောင်းအဆင့်တိုးမြှင့်ပညာသင်ကြားခွင့်ရရှိလျှင် လက်ရှိကျောင်းများနှင့်မလုံလောက်ပါ။ ယခုကျောင်းဝင်းအတွင်းတည်ရှိနေသော ကျောင်းဆောင်များသည် စံချိန်မှီသော အသင့်အတင့်ကျောင်းဆောင်များဖြစ်သော်လည်း ကျောင်းသားဦးရေ အချိုးနှင့်တွက်လျှင် အားနည်းမှုရှိသောကြောင့် စံချိန်မှီသော စာသင်ကျောင်းဆောင်များနှင့် အားကစားပစ္စည်းအချို့အား သက်ဆိုင်ရာအစိုးရဌာနများဖြစ်သော ပညာရေးဝန်ကြီးဌာနနှင့်ကျေးလက်ကျန်းမာရေးဌာနတို့မှ တာဝန်ယူဆောင်ရွက်ပေးသင့်သည်။ထို့အပြင် ကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်းရှိသဖြင့် ကျန်းမာရေးနှင့်ပတ်သက်သက်လျှင်အချိန်မီကုသဆောင်ရွက်နိုင်သည်။

(ဂ) ကျေးရွာတွင်းလမ်းနှင့် ကျေးရွာခြင်းဆက်လမ်းအဆင့်မြှင့်ပြုပြင်ခြင်း

ကျေးရွာတွင်းလမ်းမှာ (၄)ပုံ(၃)ပုံခန့် ကွန်ကရစ်ခင်းပြီးစီး၍ သွားလာမှုအဆင်ပြေချောမွေ့သော်လည်း ကျန်ရှိသော (၈၅၀)ပေအား ကိုယ်ထူ ကိုယ်ထခင်းရန် (ငွေကြေး)ထည့်ဝင်မှု အားနည်းသဖြင့် နှောင်းနှေးနိုင်ပါသည်။ချောင်းဝကျေးရွာနှင့် ဘုန်းကြီးသောင်ကျေးရွာအကြားရှိ ရွာခြင်းဆက်လမ်းအားနိုင်ငံတော်မှ ကူညီပံ့ပိုးပေးမှုနှင့်အတူ ကျေးလက်ဦးစီးဌာနမှ ကျန်ရှိကျေးရွာလမ်းနှင့် ရွာခြင်းဆက်လမ်းများအား အဆင့်မြှင့်ပြုပြင်ပေးသင့်ပါသည်။ ကျေးရွာခြင်းဆက်လမ်းပိုမိုကောင်းမွန်လာခြင်းဖြစ်လည်း တစ်ရွာနှင့်တစ်ရွာ ကုန်စည်ကူးသန်းရောင်းဝယ်မှု ပိုမိုမြန်ဆန်လာနိုင်ပြီး စီးပွားရေးဖွံ့ဖြိုးမှုအား လွန်စွာ အထောက်အကူပြုနိုင်ပေမည်။

(ဃ) စိုက်ပျိုးရေးလယ်ယာသုံးကိရိယာစနစ်တကျ ဝယ်ယူအသုံးပြုနိုင်ရေး

ချောင်းဝကျေးရွာရှိ လယ်ယာများသည် စိုက်ပျိုးရေးကောင်းစွာဖြစ်ထွန်းသော ကျေးရွာတစ်ရွာဆိုလည်း မမှားပါ။မိုးစပါးကို ကောင်းစွာ စိုက်ပျိုးနိုင်သည်။သို့သော်လည်း လယ်ယာလုပ်ငန်းရှားပါးလာမှုနှင့်အတူတစ်ခါတစ်ရံရာသီဥတုဖောက်ပြန်လာမှုတို့ကြောင့် လယ်ယာလုပ်ငန်းခွင်အချိန်မီပြီးစီးရန်အနည်းငယ်အခက်အခဲကြုံတွေ့ရတတ်ပေသည်။စိုက်ပျိုးရေးဦးစီးဌာနနှင့်အတူ သက်ဆိုင်ရာဌာနများဖြစ်သော စက်မှုလယ်ယာဦးစီးဌာနနှင့် ကျေးလက်ဦးစီးဌာနများမှ ပြင်ပလယ်ယာခန်းကိရိယာရောင်းချခြင်း၊အတိုးနှုန်းနှင့်ချိတ်ဆက်ပေးခြင်း အရစ်ကျစနစ်ဖြင့် ရောင်းချခြင်း၊အတိုးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနိုင်ရေးကိုလည်း ဆောင်ရွက်ပေးသင့်ပါသည်။

(င) အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများဖန်တီးပေးရေး

ချောင်းဝကျေးရွာတွင် အတန်းပညာနည်းသောသူတစ်ချို့နှင့် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသော လူငယ်တစ်ချို့မှာ မိမိတို့ဘဝတိုးတက်အာမခံချက်ပေးနိုင်သော လုပ်ငန်းများပေါ်တွင် အာရုံစိုက်မှုနည်းပြီး ဂိမ်းကစားခြင်း ၊ဘီလိယက်ထိုးခြင်း၊လက်ဘက်ရည်ဆိုင်ထိုင်ခြင်းများဖြင့် အချိန်ကုန်ဆုံးနေတတ်ပါသည်။ထိုနည်းတူစွာ လက်လုပ်လက်စားကျပန်းများမှာလည်း နေ့စားလုပ်ငန်းအတည်တကျ မရှိဘဲ ရာသီချိန်ရေလုပ်ငန်းတွင် ကုန်းပေါ်လုပ်သားအဖြစ် လုပ်ကိုင်စားသောက်နေ

ကြရသည်။ထိုသူများအတွက် သင့်တော်သော အသက်မွေးဝမ်းကျောင်းဆိုင်ရာ အတတ်ပညာများ ရရှိအောင် ကျေးလက်ဦးစီးဌာနမှ သက်ဆိုင်ရာပြင်ပအဖွဲ့များနှင့် ချိတ်ဆက်ပြီး ကူညီဆောင်ရွက်သင့်ပေသည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုက ငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှမရှိနိုင်ပါ။ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ် ၊ သုံးနှစ်ကာလစီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကို လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကို လည်း ဖော်ထုတ်သွားကြပါမည်။သို့ပါသောကြောင့် ရေးဆွဲထားသည့်ငါးနှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ဘဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထိုကြောင့်ငါးနှစ်တာကာလကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မှုဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါသည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံတွင် စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်းစီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်းရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည့်လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional Classification) ဖြင့် ဝန်ကြီးဌာနများ ဦးစီးဌာနများအတွက် သက်ဆိုင်ရာ လုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံတွင် အုပ်စုသတ်မှတ်ခြင်း (Economic Classifcation)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ (ငွေလုံး၊ငွေရင်း၊ အသုံးစရိတ်) စွမ်းဆောင်ရည်မြှင့်တင်ရေး လူသားခြင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional Classfication) ဝန်ကြီးဌာနများ ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းကဏ္ဍများအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမည့် အမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic Classification)

- သာမန်အသုံး:စရိတ်
- ငွေလုံး၊ငွေရင်းအသုံးစရိတ်

- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ပါဝင်သည်။

(ဂ) ဦးစားပေးစီမံချက်များ

စီမံချက်အလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေး အဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။တစ်ချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများရရှိရန် လည်း လိုအပ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

ကျေးရွာဦးစားပေးစီမံချက်များ

မြို့နယ် - ဗျာပုံမြို့

ကျေးရွာ - ချောင်းဝကျေးရွာ

စဉ်	**ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အမည်**	**ရမှတ်**	**အဆင့်**
၁	ဆိပ်ခံတံတားစီမံချက်		၁
၂	ကျန်ရှိသော ကျေးရွာတွင်း လမ်းကွန်ကရစ်ခင်းခြင်းစီမံချက်		၂
၃	မဟာဓါတ်အားလိုင်းရရှိရေးစီမံချက်		၃
၄	၄၀၀'× ၄၀၀' ရှိ ရေကန်ခြံစည်းရိုးခတ်ခြင်းစီမံချက်		၄
၅	ကျေးရွာအားကစားကွင်း ရရှိရေးစီမံချက်		၅

ပြုစုသူအမည်..... ဖုန်းနံပါတ်.....

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	**လမ်းတံတား ဆက်သွယ်ရေးကဏ္ဍ**					
	စာသင်ကျောင်းလမ်း ဆိပ်ခံတံတား(၁) စင်းလိုအပ်ခြင်း	လက်ရှိကျေးရွာ၌ဆိပ်ခံ တံတား(၁)စင်းရှိသော်လည်း ရွာအတွင်းပိုင်း နေသူများနှင့် ကျောင်းသား ကျောင်းသူများသွားလာ ရေးခက်ခဲခြင်း	မြို့တွင်းနှင့်ကွာလှမ်းမှု မရှိသဖြင့် လုပ်ငန်း ဆောင်ရွက်ရန် လွယ်ကူ ခြင်း။ လူထုအင်အားလုပ်ကိုင် ရန် အဆင်သင့်ဖြစ်နေ ခြင်း။		တံတားအတွက် ကော်မတီဖွဲ့၍ ကျေးလက် ဦးစီးဌာနနှင့်ချိတ်ဆက် ဆောင်ရွက်ခြင်း	• သံကွန်ကရစ်တံတားတည် • ဆောက်ခြင်း။
၂	**ကျန်ရှိသော ကျေးရွာအတွင်း ကွန်ကရစ်လမ်းခင်းရန်**					
	ရွာအတွင်းရှိ လမ်းပိုင်းအား ကွန်ကရစ်ခင်းရန် လိုအပ်ခြင်း	ရွာအတွင်းရှိလမ်းအရှည် (၈၅၀')ပေမှာ ကွန်ကရစ်လမ်းခင်းရန် ကျန်ရှိနေခြင်း	လမ်းဟောင်းရှိသဖြင့် ဆက်ခင်းရန် လွယ်ကူခြင်း	ငွေကြေးမတတ် နိုင်ခြင်း	လမ်းအတွက် ကော်မတီ ဖွဲ့စည်း၍ ကျေးလက်ဦးစီး ဌာနအခြားအလှူရှင်များ နှင့်ချိတ်ဆက်၍ ဆောင် ရွက်ခြင်း။	လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း။

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၃	**ပညာရေးကဏ္ဍ**					
	တတ်မြောက်မှုအရည်အသွေးသာမာန်သာဖြစ်ခြင်း။ကလေးငယ်များ ကိုယ်လက်ကြံခိုင်မှုအတွက် အားကစားကွင်းမရှိခြင်း။	ငွေကြေးအခက်အခဲရှိခြင်း	ဦးစီးဦးဆောင်ပြုလုပ်နိုင်သော ကျောင်းအကျိုးတော်ဆောင်အဖွဲ့ မိဘဆရာအသင်းများရှိခြင်း။	ရွာသားများ ငွေကြေးအခက်အခဲရှိခြင်း။	မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်၍ လိုအပ်ချက်များတောင်းဆိုတင်ပြခြင်း ကျေးလက်ဦးစီးဌာနနှင့် မိဘဆရာအသင်းနှင့်ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ခြင်း	ကလေးများပျော်၍ ဘက်စုံတော်စေသည့် ကျောင်းအဖြစ် ဖန်တီးတည်ဆောက်ခြင်း။
၄	**ကျန်းမာရေးကဏ္ဍ**					
	သောက်သုံးရေ မလုံလောက်ခြင်း။	ရာသီဥတုဖောက်ပြန်၍ ရေရှားလာခြင်းသောက်ရေကန်နည်းခြင်း။	မူလရေကန်အဟောင်းရှိခြင်း။	ငွေကြေးအခက်အခဲရှိခြင်း။	ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးလက်ဦးစီးအလှူရှင်များနှင့်ချိတ်ဆက်၍ ဆောင်ရွက်ခြင်း။	သောက်သုံးရေကန်အား ဘောင်မြှင့်တင်ခြင်း။အနက်တူးဖော်ခြင်း။
	၄၀၀' × ၄၀၀' ရှိ ကန်ခြံစည်းရိုးခတ်ရန်					

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
	သောက်ရေကန် ခြံစည်းရိုးမရှိခြင်း	မူလသောက်ရေကန်ကြီး ရှိနေ၍ လူများမှီခိုသောက်သုံးရခြင်း။ခြံစည်းရိုးမရှိသဖြင့် သစ်ပင်စိုက်ပျိုးရေန်မရခြင်း။	ကျေးရွာကော်မတီမှ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ခြင်း။	ငွေကြေးမပြည့်စုံ၍ ခြံစည်းရိုးခတ်ရန် ခက်ခဲခြင်း။	ကန်ခြံစည်းရိုးရရှိအောင် ဆောင်ရွက်ရန်။	

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၅	**မီးလင်းရေးနှင့်မဟာဓာတ်အားလိုင်း**					
	မဟာဓါတ်အားလိုင်း ရရှိရေးလိုအပ်ခြင်း။	လက်ရှိကျေးရွာတွင် ဒီဇယ်အင်ဂျင်နှင့်ဆိုလာ မီးစနစ်သုံးစွဲနေသော ကြောင့် ကုန်ကျမှုစရိတ်များရှိခြင်း။	မဟာဓါတ်အားလိုင်းနှင့် ဝေးကွာမှုနည်းခြင်းကျေးရွာမှ ပူးပေါင်းပါဝင်မှုရှိခြင်း။	လျှပ်စစ်မီးမရရှိသဖြင့် ကျောင်းသူ/သားများ စာဖတ်ချိန် နည်းခြင်း။	လျှပ်စစ်မီးအတွက် ကော်မတီဖွဲ့၍ ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။	မဟာဓါတ်အားလျှပ်စစ်မီးရရှိရေး
၅	**စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ**					
	ကျပန်းအလုပ်သမားများအတွက် အလုပ်	စက်ရုံ၊အလုပ်ရုံမရှိခြင်း လုပ်ကိုင်နိုင်သူ အချိုးမမျှခြင်းကျပန်းအလုပ်သမား	အလုပ်လုပ်နိုင်သော လူဦးရေများပြားခြင်း နှစ်ရှည်စီမံကိန်းဖြင့်	ချေးငွေအတွက်လိုအပ်သော အထောက်အထားများပြင်ဆင်	စက်ရုံ၊အလုပ်ရုံများဒေသအတွင်း ဆောက်လုပ်ပါက	ငွေကြေးဆိုင်ရာအဖွဲ့အစည်းများနှင့် လက်လှမ်းမှီရေးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းအကိုးအကားဖြင့် စက်ရုံ

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
	အကိုင်ရှားပါးခြင်း။	များပြီး အလုပ်အကိုင်နည်းပါးပြီး ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ အတတ်ပညာနှင့်ကျွမ်းကျင်မှုအားနည်းခြင်း။	အတိုးနှုန်းအသင့်အတင့်ဖြင့်ချေးပေးနိုင်သော အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပေးရေး	ခြင်း ရပ်ဝေးသို့ သွားရောက်လုပ်ကိုင်နိုင်စွမ်းမရှိခြင်း။	အဆင်ပြေမှုရှိခြင်း။	အလုပ်ရုံအိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများနှင့်သက်ဆိုင်သည့် မူဝါဒပံ့ပိုးမှုများတင်ပြတောင်းခံခြင်း။

ဖျာပုံမြို့နယ်၊ ဒေးဒလူကျေးရွာအုပ်စု၊ ချောင်းဝကျေးရွာ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးလှမင်း	ဦးထွန်းရှင်	၁၄/ဖပန (နိုင်) ၁၁၃၁၈၅	၄၆	ဥက္ကဋ္ဌ	၀၉-၄၂၉၇၅၇၄၉၇
၂	ဦးသိန်းညွန့်	ဦးစောသာဦး	၆/ဘပန(နိုင်)၀၀၅၉၀၅	၅၁	အဖွဲ့ဝင်	၀၉-၇၃၀၃၁၇၉ ၀၉-၈၆၁၁၂၆၁

၃	ဦးမောင်မောင်စိန်	ဦးခွန်ဆိုင်	၁၄/ဖပန (နိုင်) ၀၆၄၃၆၈	၅၉	အဖွဲ့ဝင်	၀၉-၆၉၈၁၃၉၁၃၆၁
၄	ဦးသံချောင်း	ဦးအေးရွှေ		၆၀	အဖွဲ့ဝင်	၀၉-၇၇၉၈၈၁၈၆၃၃
၅	ဦးစု	ဦးအုံးမောင်		၆၈	အဖွဲ့ဝင်	၀၉-၇၇၁၈၂၅၈၉၂
၆	ဦးမင်းညွှန့်နိုင်	ဦးကြွက်	၁၄/ဖပန (နိုင်) ၀၁၁၃၀၁	၅၁	အဖွဲ့ဝင်	၀၉-၇၇၇၁၈၉၉၄၅၅
၇	ဦးဇော်ထွေး	ဦးအေးမောင်	၁၄/အမတ (နိုင်) ၀၄၀၂၀၁	၅၄	အဖွဲ့ဝင်	၀၉-၇၆၉၈၂၅၆၀၉
၈	ဦးစိုးနိုင်	ဦးလှသန်း	၁၄/အမတ (နိုင်) ၀၃၉၀၆၉	၆၁	အဖွဲ့ဝင်	၀၉-၂၅၂၂၀၀၄၈၈
၉	ဦးမျိုးသူ	ဦးစိန်ဝင်း	၁၄/အမတ (နိုင်) ၀၃၂၇၀၁	၃၃	ငွေစာရင်းကိုင်	
၁၀	ဦးလှမိုး	ဦးစိန်ညွှန့်	၁၄/အမတ (နိုင်) ၁၁၃၂၀၀	၄၃	ဘဏ္ဍာရေးမှူး	၀၉-၄၂၈၅၁၆၆၆၁၁
၁၁	ဦးသန်းရှိန်	ဦးချစ်	၁၄/ဖပန (နိုင်) ၀၁၁၂၂၁	၅၅	အတွင်းရေးမှူး	၀၉-၇၆၉၇၅၇၉၉

လူမှုစီးပွားရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၅၅	၄၅	၁၀၀
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၁၃၁	၁၃၈	၂၆၉
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၁၄၆	၂၁၂	၃၅၈
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၂၄၄	၂၄၀	၄၈၄
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၄၂၇	၁၄၇၂	၂၈၉၉
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၄၄	၈၁	၁၂၅
စုစုပေါင်း		**၂၀၄၇**	**၂၁၈၈**	**၄၂၃၅**
စုစုပေါင်း အိမ်ထောင်စု		**၁၀၀၀**		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး

လေ့လာတွေ့ရှိချက်။ ။ ချောင်းဝကျေးရွာတွင် (၅)နှစ်အောက် နို့စို့အရွယ်ကျား(၅၅)ယောက် မ (၄၅)ယောက် ပေါင်း(၁၀၀)ယောက် ရာခိုင်နှုန်းအားဖြင့် (၄.၂)ရာခိုင်နှုန်း(၅)နှစ်အောက်ကလေးကျား(၁၃၁)ယောက် မ(၁၃၈) ယောက်ပေါင်း(၂၆၉)ယောက်ရာခိုင်နှုန်းအားဖြင့် (၁၀.၅)နှုန်း မူလတန်းကျောင်းသား ကျား (၁၄၆)ယောက် မ (၂၁၂)ယောက်ပေါင်း(၃၅၈) ယောက်ရှိပြီး အလယ်တန်းကျောင်းသားအရွယ်ကျား(၂၄၄)ယောက် မ (၂၄၀) ပေါင်း(၄၈၄)ယောက် ရှိပြီး ရာခိုင်နှုန်းအားဖြင့် (၁၁၀၈)ရာခိုင်နှုန်းဖြစ်ပြီး အလုပ်လုပ်နိုင်သူ ကျား (၁၄၂၇)ယောက် မ (၁၄၂၇)ယောက် ပေါင်း(၂၈၉၉)ယောက်ရှိပြီး သက်ကြီးရွယ်အို ကျား (၄၄)ယောက် မ (၈၁) ပေါင်း (၁၂၅)

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၁	၁၁		မြင့် ☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
